တိုကျို၊ Kita မြို့နယ်
Shibusawa Eiichi ပရောဂျက်
လူထုဆက်ဆံရေး ဇာတ်ကောင်
Shibusawa-kun



**ရပ်ကွက်ပွဲတော်**

2026.10 ခိတခုအပြည်ပြည်ဆိုင်ရာသတင်းစာ

# ဂလိုဘယ်သင်းကင်း

ミャンマー語
မြန်မာဘာသာ

တည်းဖြတ်/ထုတ်ဝေခြင်း ：
အထွေထွေရေးရာကဏ္ဍ(နိုင်ငံတကာ)၊
အထွေထွေရေးရာဌာနခွဲ၊ Kita မြို့နယ်
〒114-850
Tokyo, Kita-ku,
Oji-Honcho 1-15-22
TEL.03-3908-9308
FAX.03-3905-3423

## ဂျပန်စာကို သင်ယူနိုင်ပါတယ်




ဂျပန်စာအတန်းတွင် ဂျပန်ဘာသာစကားကိုသင်ယူနိုင်ပါသည်။
ဂျပန်စာအတန်းတက်ချင်သူများသည် သက်ဆိုင်ရာအတန်းများသို့ ဆက်သွယ်နိုင်ပါသည်။

အသေးစိတ်ကို ဒီမှာကြည့်ပါ။ →

## ဂျပန်စာအတန်းအတွက်စေတနာ့ဝန်ထမ်းများခေါ်ယူနေပါသည်။

ဂျပန်စာအတန်းတွင် နိုင်ငံခြားသားများကို ဂျပန်စာသင်ပေးမည့်

စေတနာ့ဝန်ထမ်းအားရှာဖွေနေပါသည်။စိတ်ပါဝင်စားသူများသည်

သက်ဆိုင်ရာသင်တန်းများသို့ ဆက်သွယ်နိုင်ပါသည်။

◇မေးမြန်းရန် : 国際交流・多文化共生推進担当課
北とぴあ 10階
📞03-5390-0098




## နိုင်ငံခြားသားများအားစစ်တမ်းကောက်ယူမှုတွင်ပါဝင်ရန်တောင်းဆိုပါသည်။

Kita မြို့နယ်သည် ဂျပန်လူမျိုးများနှင့် နိုင်ငံခြားသားများ ဘေးကင်းလုံခြုံစွာ အတူတကွနေထိုင်နိုင်သည့် မြို့တစ်မြို့ဖြစ်လာရန် ရည်မှန်းထားပါသည်။
ဤစစ်တမ်းကို Kitaမြို့နယ်အား ပိုမိုနေထိုင်ရလွယ်ကူသော မြို့တစ်မြို့ဖြစ်လာစေရန် အသုံးပြုမည်ဖြစ်ပါသည်။
ကျေးဇူးပြု၍ သင့်အမြင်ကို ကျွန်ုပ်တို့အား ပြောပြပါ။

★ ဘယ်လိုဖြေရမလဲ။
အင်တာနက်မှတစ်ဆင့် ဖြေကြားပေးပါ။

★ ဘယ်တော့လဲ။
2026年6月15日 ～ 10月12日

စစ်တမ်းဖြေဆိုရန် ဒီနေရာမှဝင်ပါ →

◇ မေးမြန်းရန် : 国際交流・多文化共生推進担当課
北とぴあ 10階
📞03-5390-0098

## မီးဖိုချောင်စွန့်ပစ်အမှိုက်နှင့် ပြန်လည်အသုံးပြုနိုင်သောအမှိုက်

### ခွဲထုတ်ပုံနှင့်စွန့်ပစ်ပုံ

အိမ်သုံးအမှိုက်စွန့်ပစ်ရာတွင် စည်းမျဉ်းများရှိပါသည်။
အမှိုက်စွန့်ပစ်သည့်အခါ စည်းမျဉ်းများကို မလိုက်နာပါက အမှိုက်များကို သိမ်းဆည်းမည်မဟုတ်ပါ၊ ၎င်းသည် သင့်အိမ်နီးချင်းများအတွက် အနှောက်အယှက်ဖြစ်စေပါလိမ့်မည်။ စည်းမျဉ်းများကို သေချာစွာလိုက်နာပေးပါ။

Kita မြို့နယ်၏စည်းမျဉ်းများကိုQRကုဒ်မှတစ်ဆင့် ကြည့်ရှုပေးပါ။⇒

◇ **အဓိကစည်းမျဉ်းများ**
အမှိုက်များကို အမျိုးအစားအလိုက်
(မီးလောင်နိုင်သောအမှိုက်၊ မီးမလောင်နိုင်သောအမှိုက်၊ ပြန်လည်အသုံးပြုနိုင်သောအမှိုက်) ခွဲခြားပေးပါ။




သတ်မှတ်ထားသော { အမှိုက်ပစ်ရန်နေရာ / နေ့ရက် / အချိန် } တွင် ပစ်ရန်

အရွယ်အစားကြီးမားသောအမှိုက်များ air-con, TV, ရေခဲသေတ္တာ, အဝတ်လျှော်စက်စသည်တို့ကို ပုံမှန်အတိုင်းပစ်လို့မရပါ။
**အသေးစိတ်ကို QRကုဒ်မှတစ်ဆင့်ကြည့်ပါ။**

◇ မေးမြန်းရန် ：北区清掃事務所作業第一係
北区清掃事務所
📞03-3913-3141

## မြို့နယ်အသင်းများသို့ ဝင်ချင်ပါသလား

လူတိုင်းဘေးကင်းလုံခြုံစွာ နေထိုင်နိုင်စေရန် လုပ်ရှားမှုများ၊ ပွဲတော်များကို ကျင်းပပြုလုပ်လျက်ရှိပါသည်။ မြို့နယ် ရပ်ကွက်အသင်းများသို့ဝင်၍ အတူတကွ ပူးပေါင်းဆောင်ရွက်ကြရအောင်

အသေးစိတ်ကိုဒီမှာကြည့်ပါ →

◇ မေးမြန်းရန် ：地域振興課地域振興係
北とぴあ 10階
📞03-5390-0092 📞03-3903-0110

တိုကျို၊ Kita မြို့နယ်
Shibusawa Eiichi ပရောဂျက်
လူထုဆက်ဆံရေး ဇာတ်ကောင်
Shibusawa-kun

ရပ်ကွက်ပွဲတော်



2026.10

ခိတခုအပြည်ပြည်ဆိုင်ရာသတင်းစာ

# ဂလိုဘယ်သင်းကင်း


တည်းဖြတ်/ထုတ်ဝေခြင်း ：
အထွေထွေရေးရာကဏ္ဍ(နိုင်ငံတကာ)၊
အထွေထွေရေးရာဌာနခွဲ၊ Kita မြို့နယ်
〒114-850
Tokyo, Kita-ku,
Oji-Honcho 1-15-22
TEL.03-3908-9308
FAX.03-3905-3423


## ပန်းခြံကို အသုံးပြုရာမှာ လိုက်နာရမည့် စည်းကမ်းတွေကို လိုက်နာကြရအောင်။

1. ညဘက် သို့မဟုတ် မနက်စောစောတွင် ဆူညံသံများ မပြုလုပ်ရပါ။

အနီးနားရှိ နေထိုင်သူများကို အနှောင့်အယှက် ဖြစ်စေနိုင်ပါသည်။

2. ပန်းခြံအတွင်း ဆေးလိပ်မသောက်ရ။

3. အစားအသောက်များ၏ အမှိုက်များကို အိမ်သို့ ယူဆောင်သွားပါ။

လူတိုင်းပန်းခြံတွင် ၎င်းတို့၏အချိန်ကို ပျော်ရွှင်စွာ ဖြတ်သန်းနိုင်စေရန် အခြားစည်းမျဉ်းများလည်း ရှိပါသည်။



ဒီနေရာကိုလည်း
ဝင်ရောက်ကြည့်ရှုပေးပါ။ →

◇ မေးမြန်းရန် ：道路公園課公園係
北区役所第一庁舎3階16番
📞03-3908-9275

## တိုကျို ဆေးဘက်ဆိုင်ရာ အချက်အလက် ဝက်ဘ်ဆိုက်

ဆေးရုံများနှင့် ရောဂါများအကြောင်း အချက်အလက်များကို ရှာဖွေနိုင်ပါသည်။

- လူနာတင်ယာဉ် ခေါ်ခြင်း
- နိုင်ငံခြားဘာသာစကားများ အသုံးပြုနိုင်သော ဆေးရုံများကို ရှာဖွေခြင်း
- ဖျားနာသည့်အခါ အကြံဉာဏ်ရယူနိုင်သော နေရာများ
- ဂျပန် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုအကြောင်း

ဂျပန်၊ အင်္ဂလိပ်၊ တရုတ်နှင့် ကိုရီးယား ဘာသာစကားများဖြင့် ရရှိနိုင်ပါသည်။

အသေးစိတ်အချက်အလက်များအတွက်

ဒီမှာကြည့်ပါ။ ⇒





## တရားမဝင် အလုပ်လုပ်ကိုင်ခြင်းကို လုံးဝ တားမြစ်ထားပါသည်!!

တရားမဝင်အလုပ်လုပ်ခြင်းဆိုသည်မှာ စည်းကမ်းမလိုက်နာဘဲ အလုပ်လုပ်ခြင်းကို ဆိုလိုသည်။

1.သတ်မှတ်ထားသောအလုပ်ချိန်သို့မဟုတ်အလုပ်ရက်ထက် ကျော်လွန်၍လုပ်ခြင်း။

2.သင်နေထိုင်ခွင့်ဗီဇာနှင့်ကွဲပြားသော/ခွင့်မပြုသောအလုပ်ကိုလုပ်ခြင်း။

**စည်းမျဉ်းများကို မလိုက်နာဘဲ အလုပ်လုပ်သူများနှင့် ၎င်းတို့ကို အလုပ်ခန့်ထားသူများကို ပြစ်ဒဏ်ချမှတ်မည်ဖြစ်သည်။**

အထူးသဖြင့်နိုင်ငံခြားကျောင်းသားများသည်အောက်ပါစည်းမျဉ်းများကို လိုက်နာရမည်။

①အလုပ်ချိန်ကို တစ်ပတ်လျှင် ၂၈ နာရီသာ ကန့်သတ်ထားသည်။

② ဘားများ၊ ကလပ်များ ကဲ့သို့ ညဥ့်နက်ပိုင်းအချိန်ပိုင်းအလုပ်များကို ခွင့်မပြုပါ။

③အလုပ်ခန့်အပ်သူသည်Hello Workသို့အကြောင်းကြားရန်လိုအပ်သည်။

◇ မေးမြန်းရန် : 警視庁　赤羽警察署
📞03-3903-0110



## နေထိုင်မှုပုံစံလမ်းညွှန်ဗီဒီယို

လူဝင်မှုကြီးကြပ်ရေးဌာနသည်ဂျပန်နိုင်ငံတွင် နေထိုင်မှုစည်းမျဉ်းများကို မိတ်ဆက်ပေးသည့် ဗီဒီယိုတစ်ခုကို ပြုလုပ်ထားပါသည်။

ဂျပန်နိုင်ငံတွင် ဘေးကင်းစွာနေထိုင်ရန် လိုအပ်သော အလုပ်၊ ငွေကြေးနှင့် အခြားကိစ္စရပ်များအကြောင်း အရေးကြီးသောအရာများကို လေ့လာနိုင်ပါသည်။ ဘာသာစကား ၁၈ မျိုးဖြင့် ရရှိနိုင်ပါသည်။

ဒီနေရာကိုလည်း ဝင်ရောက်ကြည့်ပေးပါ။ ➜